# 4 ပုဂ္ဂလိကအငှားအိမ်

### 4-6 စာချုပ်သက်တမ်းတိုးခြင်း၊ ဖျက်သိမ်းခြင်း

ဂျပန်နိုင်ငံတွင် အငှားအိမ်များ၏ အငှားစာချုပ်သည် ၂နှစ်တွင် ၁ကြိမ်သက်တမ်းတိုးသည်။ ဤသည်ကိုစာချုပ်သက်တမ်းတိုးခြင်းဟုခေါ်သည်။ ဆက်လက်၍ စာချုပ်ချုပ်ဆိုလိုပါက စာချုပ်သက်တမ်းတိုးခ စသည်နှင့်တကွ အိမ်ခြံမြေအကျိုးဆောင်ထံတွင် လျှောက်ရသည်။

အကယ်၍ နိုင်ငံသို့ပြန်သွားခြင်း၊ ပြောင်းရွှေ့ခြင်းစသည်ဖြင့် စာချုပ်ကို ဖျက်သိမ်းလိုသောအခါ အိမ်ခြံမြေအကျိုးဆောင်၊ အိမ်ရှင်တို့ကို အသိပေးအကြောင်းကြားရမည်ဖြစ်သည်။ အနည်းဆုံးတစ်လ မှ နှစ်လ ကြိုတင်ပြီး အကြောင်းကြားရမည်။

### (1) စာချုပ်သက်တမ်းတိုးခြင်း (သက်တမ်းတိုးခြင်း လုပ်ထုံးလုပ်နည်း)

စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိလျှင် အိမ်ခြံမြေအကျိုးဆောင်နှင့် အိမ်ရှင်ထံသို့ ပြောကြားရမည်။ ၎င်းအချိန်တွင် အိမ်လခ တက်သွားခြင်းများလည်း ရှိပြီး အိမ်ရှင်ထံမှ အိမ်လခနှုန်းထားအသစ်၏ ခန့်မှန်းခြေ တစ်လစာပမာဏခန့် ရှိသော သက်တမ်းတိုးခ၊ အိမ်အကျိုးဆောင်ထံမှ သက်တမ်းတိုးဂန်ဆောင်ခ စသည်တို့တောင်းဆိုခံရနိုင်သည်။

စာချုပ်နှင့် ပတ်သက်၍ ယခင်ချုပ်ဆိုထားသော စာချုပ်အတိုင်းဆက်လက်ချုပ်ဆိုသည်မှာ အများစုဖြစ်သည်။ သက်တမ်းပြည့်ချိန်မရောက်မီ အိမ်ခြံမြေအကျိုးဆောင်ထံမှ သက်တမ်းတိုး၊ မတိုးကို မေးမြန်းသော အကြောင်းကြားချက်လာလေ့ရှိပြီး အိမ်လခ ထပ်မတိုးခြင်း၊ သက်တမ်းတိုးစရိတ် နှင့် သက်တမ်းတိုးလုပ်ငန်းစဉ်စရိတ်တို့ကို တောင်းခံခြင်း မခံရခြင်းများလည်းရှိသည်။

### (2) စာချုပ်ပြီးဆုံးချိန် (ဖျက်သိမ်းခြင်းအသိပေးခြင်း)

စာချုပ်ပြီးဆုံးချိန်တွင် အိမ်ခြံမြေအကျိုးဆောင်မှ တဆင့် (သို့မဟုတ်) အိမ်ရှင်သို့တိုက်ရိုက်စာချုပ် ဖျက်သိမ်းချင်ကြောင်း ကို ပြောကြားရသည်။ စောစီးစွာပြောကြားခြင်းသည် အရေးကြီးပြီး စာချုပ်အကြောင်းအရာနှင့် လျော်ညီစွာ ၁လ၊ ၂လ ကြိုတင်အကြောင်းကြားရမည်။

အိမ်ရှင်ကိုအကြောင်းမကြားပဲ ရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းခါနီးမှ ကပ်၍ အကြောင်းကြားပါက စရံငွေပြန်လည်မရရှိခြင်းများလည်း ရှိသည်။ စာချုပ်ဖျက်သိမ်းမှု အကြောင်းကြားခြင်းကို စောစီးစွာ ပြုလုပ်ကြပါစို့။